# သတိ! ရှေ့တွင် အတုအယောင်များရှိသည်!

YR C
NO. 50

အလွတ်ကျမ်းချက်။ ။ ဆာလံကျမ်း ၁၁၉း၁၀၄၊ ၁၀၅

“ကိုယ်တော်၏ ဥပဒေသများအားဖြင့်၊ အကျွန်ုပ်သည် ဥာဏ်တိုးပွား၍၊ မိစ္ဆာလမ်းရှိသမျှတို့ကို မုန်းပါ၏။ နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍၊ အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏။”





## တနင်္ဂနွေနေ့ ၊ စာတန်၏အတုအယောင်များကို သတိထားပါ ၁

“အတု” (Counterfeit) သည် အဘယ်အရာဖြစ်ကြောင်းကို သင်သိပါသလား။ ၎င်းသည် လူများတို့ကို အလွယ်တကူ လှည့်စားနိုင်သည့် စစ်မှန်သောအရာနှင့်အလွန်တူသည့် အရာတစ်စုံတစ်ခုဖြစ်သည်။ ဥပမာအနေဖြင့်၊ ဒေါ်လာနှစ်ဆယ်တန်အတုတစ်ရွက်သည် လူအများစုကို ခွဲခြားသိမြင်၍မရနိုင်သော အစစ်နှင့် အလွန်တူပါသည်။ တစ်စုံတစ်ဦးအား ငွေအတုဖြင့်လှည့်စားခြင်းသည် အလွန်ဆိုးဝါးလှပါသည်၊ သို့သော် ထိုအရာထက် ပို၍ဆိုးသောအရာတစ်ခု ရှိပါသည်။ စာတန်သည် အမှန်တရားကို အတုအယောင် ပြုလုပ်ခဲ့သည်။ သူ၏အတုအယောင်များသည် အမှန်တရားနှင့် အလွန်ဆင်တူပြီး၊ လူအများစုက ၎င်း၏ ခြားနားချက်ကိုပင် သတိမထားမိကြပါ။

အပြစ်တရား စတင်ဝင်လာကတည်းက စာတန်သည်မရေမတွက်နိုင်အောင် အတုအယောင်များကို တီထွင်ပြုလုပ်ခဲ့သည်။ ထိုအတုအယောင်များဖြင့် လှည့်ဖြားခြင်းမှ ကျွန်ုပ်တို့သည် အဘယ်သို့ ရှောင်လွှဲနိုင်မည်နည်း။ နည်းလမ်းတစ်လမ်းတည်းပဲ ရှိပါသည်။ သမ္မာကျမ်းစာသည် ရိုးရှင်းသောစည်းမျဉ်းလမ်းစဉ်ကို မည်သို့ဖော်ပြထားသနည်း။ ဟေရှာယအနာဂတ္တိကျမ်း ၈း၂၀။ တနည်းအားဖြင့်၊ သွန်သင်ချက်တစ်ခုသည် သမ္မာကျမ်းစာနဲ့မကိုက်ညီလျှင် ၎င်းသည် မမှန်ပါ။ စာတန်၏အတုအယောင်များကို အသိအမှတ်ပြုရန် အခြား မည်သည့်နည်းလမ်းမျှ မရှိပေ။ သို့သော် ကျွန်ုပ်တို့သည် အလွန်ဂရုစိုက်သတိထားဖို့ရန် လိုအပ်နေဆဲဖြစ်သည်။

စာတန်သည် သမ္မာကျမ်းချက်များကို လွဲမှားစွာအသုံးပြုစေခြင်းအားဖြင့် အမှန်တရားကို အတုအယောင် ပြုလုပ်ခဲ့သည်။ တခါတရံ သူသည် အခန်းငယ်တစ်ခု သို့မဟုတ် စကားစုတစ်စုကိုသာ ယူပြီး ၎င်း၏အဓိပ္ပါယ်ကို လုံလောက်စွာပြောင်းလဲခဲ့သည်၊ သို့သော် ၎င်းသည် ကျန်ရှိသည့် သမ္မာကျမ်းစာပြောဆိုချက်များနှင့် မကိုက်ညီပါ။ ဟေရှာယအနာဂတ္တိကျမ်း ၂၈း၁၀၊ ကောရိန္သုဩဝါဒစာ ပဌမစောင် ၂း၁၃။

တစ်ကြိမ်တွင် စာတန်သည် (ရှင်မဿဲခရစ်ဝင် ၄း၆၊ ၇) ဗိမာန်တော်၏အမိုးထိပ်ပေါ်မှ ခုန်ချရန် သခင်ယေရှုအားစုံစမ်းရာတွင် ဆာလံကျမ်း ၉၁း၁၁၊ ၁၂ ကို အသုံးပြုခဲ့သည်။ သို့သော်လည်း သခင်ယေရှုသည် ထိုကျမ်းချက်များကို စာတန်က လွဲမှားစွာအသုံးပြုနေသည်ကို သိခဲ့သည်။ ထိုသို့ဆိုသော် သခင်ယေရှုသည် အဘယ်သို့ သိခဲ့သနည်း။ အဘယ်ကြောင့်ဆိုသော် စာတန်၏ပြောဆိုချက်သည် တရားဟောရာကျမ်း ၆း၆ နှင့် ဆန့်ကျင်သောကြောင့် ဖြစ်သည်။

ထို့ကြောင့် တစ်စုံတစ်ခုကိုသက်သေပြရန် သမ္မာကျမ်းချက် သို့မဟုတ် စကားစုတစ်ခုတည်းကိုသာ အသုံးပြုခြင်းသည် ပညာရှိရာမကျပါ။ အရေးကြီးသောသမ္မာကျမ်းစာအမှန်တရားများကို စာရေးသူတစ်ဦးထက်မက အမြဲတမ်းရှင်းပြလေ့ရှိပါသည်၊ ဤအရာက ၎င်းအမှန်တရားတို့ကို ပိုမိုနားလည်ရန် ကျွန်ုပ်တို့အား အကူအညီဖြစ်စေပါသည်။ သမ္မာကျမ်းစာတစ်အုပ်လုံး၏သွန်သင်ရာကို ကျွန်ုပ်တို့ နားမလည်သောအခါ၊ မှားယွင်းသောအရာများကို ကောက်ချက်ချရန် လွယ်ကူပါသည်။ ရှင်မဿဲခရစ်ဝင် ၂၂း၂၉၊ တိမောသေဩဝါဒစာ ဒုတိယစောင် ၃း၁၃-၁၇။

**လက်တွေ့ကျင့်သုံးရန်။** စာတန်၏အတုအယောင်များ တစ်ခုစီတိုင်းသည် အလွန်အန္တရာယ်ရှိသော အမှားများဖြစ်ပါသည်။ စာတန်၏ဖျက်ဆီးခြင်းလမ်းသို့ လူမည်မျှရောက်သွားသနည်း။ ရှင်မဿဲခရစ်ဝင် ၇း၁၃၊ ၁၄။ သို့သော် ကျွန်ုပ်သည် လှည့်စားခြင်းသို့ မရောက်ရန် အရေးကြီးပါသည်။ သမ္မာကျမ်းစာသည် စာတန်၏အတုအယောင်များအားလုံးကို ထောက်ပြပေးပြီး၊ ကောင်းကင်သို့ တစ်ခုတည်းသောနည်းလမ်းကို ပြသသည့်ဇယားတစ်ခုနှင့် တူပါသည်။ ဆာလံကျမ်း ၁၁၉း၉၃၊ ၁၀၄၊ ၁၀၅။

## တနင်္လာနေ့ ၊ သင်ကိုယ်တိုင် သမ္မာကျမ်းစာကို လေ့လာပါ ၂

သမ္မာကျမ်းစာသည် စာတန်၏အတုအယောင်များကို သိနားလည်ရန် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်ကို ကျွန်ုပ်တို့ လေ့လာသိရှိခဲ့ပြီးဖြစ်သည်။ ထိုအကြောင်းကြောင့် စာတန်သည် သမ္မာကျမ်းစာကို မုန်းပြီး၊ သမ္မာကျမ်းစာကို မဖတ်နိုင်ရန် လူများတို့အား တားဆီးလုပ်ဆောင်နိုင်သည့် နည်းလမ်းများအာလုံးကို လုပ်ဆောင်သည်။

သူ၏အနှစ်သက်ဆုံးနည်းလမ်းများမှ တစ်ခုမှာ သူတို့၏ဓမ္မဆရာများအပေါ်မှာမှီခိုရန် လူများတို့အား လုပ်ဆောင်ခြင်းဖြစ်သည်။ လူအတော်များများသည် ကျမ်းစာဖတ်ဖို့ အချိန်မယူကြချေ၊ အဘယ်ကြောင့်ဆိုသော် သူတို့သည် သူတို့၏ဓမ္မဆရာများ သွန်သင်သမျှကို မှန်သည်ဟု ယုံကြည်လက်ခံကြသောကြောင့် ဖြစ်သည်။

သို့သော် အခြားများစွာသောသူတို့သည် သူ့ကိုမကြောက်ရွံ့သောကြောင့် ကိုးကွယ်ကြသည်။ ဤလူများထဲမှ အချို့တို့သည် သူသည် အမှန်တကယ်ရှိကြောင်းကိုပင် မယုံကြည်ပေ၊ ထိုကြောင့် သူ၌တန်ခိုးရှိသည်ဟု သူတို့မယုံကြည်ကြချေ။ သူတို့သည် သူ့အကြောင်းကို ဟာသပြုလုပ်ကြပြီး တစ်ခါတစ်ရံတွင် အပျော်သက်သက်အတွက် စာတန်ဝတ်စုံများကို ဝတ်ဆင်ကြသည်။ လူတို့က သူ့ကိုဤနည်းဖြင့် ထင်မြင်ကြသောအခါတွင် စာတန်သည် ဝမ်းမြောက်နေသည်။

စာတန်သည် အမှန်တကယ်ရှိသလား၊ တန်ခိုးရှိသလား။ အမှန်တကယ်ရှိပါသည်၊ တန်ခိုးလည်းရှိပါသည်။ ထို့အပြင် သူ၏မကောင်းသော ကောင်းကင်တမန်များလည်း ရှိသည်။ သို့သော် ဘုရားသခင်သည် ပို၍တန်ခိုးကြီးမားသည်၊ ကျွန်ုပ်တို့ကို ပိုင်ဆိုင်ရန် သူ့အား ရွေးချယ်ခြင်းအားဖြင့်၎င်း၊ နေ့စဉ် သူ၏အကူအညီကို တောင်းခံခြင်းအားဖြင့်၎င်း၊ ကျွန်ုပ်တို့သည် စာတန်၏တန်ခိုးတော်မှ အမြဲ ကင်းဝေးနိုင်ပါသည်။

စာတန်၏အကြီးမားဆုံးသောလှည့်စားခြင်းများမှ နောက်တစ်မျိုးမှာ ဝိညာဉ်ဝါဒီ ဖြစ်သည်။ သေလွန်သောသူတို့ကဲ့သို့ အပြုအမူ၊ အပြောအဆို၊ သဏ္ဍာန်ရှိသော မကောင်းသောကောင်းကင်တမန်များ သို့မဟုတ် မကောင်းဆိုးဝါးများကို လူအများသည် ပို၍ မြင်တွေ့ရလိမ့်မည်။ သန်းပေါင်းများစွာသောလူများသည် ဤမကောင်းဆိုးဝါးကောင်းကင်တမန်များ ပြောဆိုသောလိမ်လည်မှုများကို ယုံကြည်ကြလိမ့်မည်၊ သမ္မာကျမ်းစာသွန်သင်သောအရာများကို သိသောသူများသာလျှင် လွတ်ကင်းခွင့်ရကြလိမ့်မည်ဖြစ်သည်။

နောက်ဆုံးတွင် စာတန်၏ယုံကြည်စိတ်ချမှုအရှိဆုံးလိမ်လည်မှုသည် ယေရှု၏ဒုတိယအကြိမ်ကြွလာခြင်းကို အတုပြုလုပ်ရန် ဖြစ်သည်။ ကောရိန္သုဩဝါဒစာ ဒုတိယစောင် ၁၁း၁၄။ သူသည် သခင်ယေရှုသဏ္ဍာန်ဆောင်ခြင်းအားဖြင့်သော်၎င်း၊ ဥပုသ်နေ့ကို တနင်္ဂနွေနေ့သို့ ပြောင်းလိုက်ပြီဟု ပြောဆိုခြင်းအားဖြင့်သော်၎င်း မတူညီသောနေရာများတွင် ပေါ်လာလိမ့်မည်။ သမ္မာကျမ်းစာကို သိကျွမ်းသူများပင် လှည့်ဖြားခြင်းအန္တရာယ်ထဲတွင်ရှိသည်ဟု သခင်ယေရှုက သတိပေးထားပါသည်။ အဘယ်အရေးကြီးသော ညွှန်ကြားချက်က ဤကြီးစွာသောလှည့်စားမှုမှ ကျွန်ုပ်တို့ကိုကာကွယ်ပေးမည်နည်း။ ရှင်မဿဲခရစ်ဝင် ၂၄း၂၃-၂၇။

**လက်တွေ့ကျင့်သုံးရန်။** ကျွန်ုပ်တို့သည် ဆုတောင်းခြင်းမပါလျှင် အချိန်ခဏအတွင်းတွင်ပင် မလုံခြုံပေ။ ရှင်မဿဲခရစ်ဝင် ၂၆း၄၁။ သမ္မာကျမ်းစာကို နားလည်ရန် အကူအညီကို ဘုရားသခင်ထံ အထူးသဖြင့် ဆုတောင်းကြပါစို့။ ကိုယ်တော်အား အစဉ်မပြတ်မှီခိုအားထား၍ “အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေဘဲ၊ မကောင်းသောအမှုအရာမှလည်း ကယ်နှုတ်တော်မူပါ” ဟု ဆုတောင်းကြပါစို့ (ရှင်မဿဲခရစ်ဝင် ၆း၁၃)။

## သောကြာနေ့ ၊ စာတန်၏ထောင်ချောက်များ (၂) ၆

ဘုရားသခင်သည် ကျွန်ုပ်တို့အား မြင်ခြင်း၊ ကြားခြင်း၊ ထိခြင်း၊ အနံ့နှင့် အရသာခံစားခြင်း အာရုံငါးမျိုးတို့ကို ပေးခဲ့သည်၊ ဤအရာများသည် ပျော်ရွှင်သောအသက်တာဖြစ်စ်ဖို့ ကျွန်ုပ်တို့အားကူညီရန်အတွက် သူစီစဉ်ပေးခဲ့သည်။ သို့သော် စာတန်သည် ကျွန်ုပ်တို့ အပြစ်ထဲသို့ကျရောက်ဖို့ ထောင်ချောက်ဆင်ရန် ဤအရာများကို အသုံးပြုခဲ့သည်။ အမှန်အားဖြင့် သူသည် ဧဒင်ဥယျာဉ်၌ရှိသော ဧဝအား လှည့်ဖျားရန် ထိုအာရုံငါးမျိုးစလုံးကို အသုံးပြုခဲ့သည်။




ပထမတွင်၊ ဧဝသည် တားမြစ်ထားသော အပင်နှင့် စားကောင်းသဖွယ်လှပသောအသီးကို မြင်ခဲ့သည်။ ဒုတိယတွင်၊ သူမသည် ချိုအေးသောမြွေ၏စကားပြောသံကို ကြားခဲ့သည်။ တတိယတွင်၊ သူမသည် တားမြစ်ထားသော အသီးကို ထိခဲ့သည်။ စတုတ္ထနှင့် ပဉ္စမတွင်၊ အနံ့နှင့် အရသာကိုမြည်းစမ်းခဲ့သည်။ စာတန်၏ အစီအစဉ်သည် အလုပ်ဖြစ်ခဲ့သည်။

စာတန်၏အစီအစဉ်သည် အလုပ်ဖြစ်တုန်းပဲလား။ ဟုတ် ပါသည်။ သူသည် ကျွန်ုပ်တို့အား ရေတွက်၍မရသော နည်းလမ်းများဖြင့် စုံစမ်းပါသည်။ သူသည် ဤအရာများသည် ဒုက္ခပေးနိုင်သည်ဟု ကျွန်ုပ်သိသည့် မြင်နိုင်၊ ကြားနိုင်၊ ထိတွေ့၊ အနံ့နှင့် အရသာရှိသော ပြင်းထန်သောသွေးဆောင်မှုများကို ယခင်ကထက် ပို၍များသော စုံစမ်းခြင်းများကို ယူဆောင်လာပါသည်။

ယနေ့လူများတို့ ကြည့်ဖို့ရန် သွေးဆောင်စရာများရှိပါသလား။ မကောင်းသောကွန်ပျူတာဂိမ်းများ၊ မဂ္ဂဇင်းများ၊ စာအုပ်များ၊ တီဗွီအစီအစဉ်များ၊ ရုပ်ရှင်ဇတ်လမ်းများမှာ အဘယ်သို့နည်း။ အခြားအချို့သော အမည်များကို သင်သိနိုင်ပါသေးသလား။ စုံစမ်းသွေးဆောင်ဟန်ရှိပါသလား။ အချို့အမည်များကို ဖော်ပြပါ။ စုံစမ်းနှောင့်ယှက်မှုများစွာ ဖြစ်ပေါ်စေသောအရာများကို ကျွန်ုပ်တို့ တို့ထိနိုင်ပါသလား။ အနံ့နှင့်အရသာက လူတို့အား အဘယ်အရာကို သွေးဆောင်နိုင်သလဲ။ ကျန်းမာရေးနဲ့မညီသော အစားအစာများလား။ ဆေးလိပ်လား။ အခြားအချို့အမည်များကို ပြောပြပါ။

ကျွန်ုပ်တို့၏အာရုံငါးပါးသည် ကျွန်ုပ်တို့၏စိတ်ထဲ၌ရှိသောတံခါးများကဲ့သို့ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် အပြစ်သားသဘောသဘာဝဖြင့် မွေးဖွားလာသောကြောင့်၊ မှားယွင်းသောရွေးချယ်မှုများအတွက် တံခါးကို အလိုအလျောက်ဖွင့်ဖို့ လွယ်ကူသည်။ သို့သော် ကျွန်ုပ်တို့သည် ဘုရားသခင် ကျွန်ုပ်တို့ကို အုပ်စိုးပိုင်ဆိုင်ရန် ရွေးချယ်ခံရသောအခါ ကျွန်ုပ်တို့သည် ချက်ချင်း အကူအညီတောင်းနိုင်သည်။ သူက မှားယွင်းစွာရွေးချယ်ခြင်းမှ ဖယ်ရှားရန်နှင့် ထိုတံခါးများကို သော့ခတ်ရန် ကျွန်ုပ်တို့အား ချက်ချင်းကူညီပေးသည်။

**လက်တွေ့ကျင့်သုံးရန်။** ဤစုံစမ်းသွေးဆောင်မှုများနဲ့ ပတ်သက်ပြီး ဘုရားသခင်က ကျွန်ုပ်တို့ကို မည်သည့်ကတိတော်ပေးထားသနည်း။ ကောရိန္သုဩဝါဒစာ ပဌမစောင် ၁၀:၁၃။ မည်သည့်အရာကိုမျှ မလုပ်ဆောင်မီ “ဤအရာသည် ဘုရားသခင်အား ဘုန်းအသရေ (ဂုဏ်အသရေ) ကို ဆောင်ကြဥ်းပေးမည်လော” ဟု မေးရန် သတိရပါ။ အငယ် ၃၁။

ကျွန်ုပ်တို့သည် ဘယ်တော့မှ တစ်ယောက်တည်းမဟုတ်ကြောင်းကို အမြဲသတိရပါ။ ဘုရားသခင်သည် လူပုဂ္ဂိုလ်တစ်ဦးစီတိုင်း အပေါ် အချိန်တိုင်း ဂရုတစိုက်ကြည့်ရှုနေပါသည်။ သုတ္တံကျမ်း ၁၅း၃။ သူ၏အကူအညီ ရရှိရန် တောင်းပါ၊ အဘယ်ကြောင့်ဆိုသော် သူသည် သင်အမှားနဲ့အမှန်နှင့် အတုနဲ့အစစ်ကိုသိရန် ကူညီဖို့ အမြဲတမ်း အသင့်ရှိနေပါသည်။ သူသည် သင်၏အကောင်းဆုံးမိတ်ဆွေဖြစ်သည်။

© ၂၀၂၃ - My Bible First www.mybiblefirst.org sales@mybiblefirst.org

သို့သော် အမှန်တကယ်မှာ သူတို့၏ဓမ္မဆရာများသည် စာတန်၏အတုအယောင်များကို သွန်သင်နေကြသည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို မလေ့လာမဖတ်ရှုပါက၊ တစ်စုံတစ်ယောက်က အမှားများကို သွန်သင်သောအခါ ကျွန်ုပ်တို့သည် အဘယ်သို့ သိရှိနိုင်မည်နည်း။ သခင်ယေရှုက ထိုကဲ့သို့သော ခေါင်းဆောင်များကို "မျက်စိကန်းသော လမ်းပြများ" ဟု ခေါ်ဆိုသည်။ ဘုရားသခင်၏နှုတ်ကပါတ်တော်အစား၊ အခြားသူတစ်ဦး၏ ထင်မြင်ယူဆချက်များအပေါ် မှီခိုသူများသည် မည်သို့ဖြစ်သွားမည်နည်း။ သုတ္တံကျမ်း ၁၆း၂၅၊ ရှင်မဿဲခရစ်ဝင် ၁၅း၁၄။

ကျွန်ုပ်တို့အား သမ္မာကျမ်းစာကို မလေ့လာမဖတ်ရှုဖို့ရန် စာတန်၌ အခြားနည်းလမ်းများစွာရှိသည်။ မျိုးစေ့ကြဲသူပုံပမာထဲတွင်၊ သခင်ယေရှုသည် စာတန်၏ထောင်ချောက်သုံးခုအကြောင်း ကျွန်ုပ်တို့အား သတိပေးထားခဲ့သည်။ ထိုအရာများမှာ အဘယ်နည်း။ ရှင်လုကာခရစ်ဝင် ၈း၁၁၊ ၁၄။

ကျွန်ုပ်တို့သည် သင်္ချာနှင့်သိပ္ပံကဲ့သို့သော ဘာသာရပ်များကို လေ့လာသောအခါ၊ ကျွန်ုပ်တို့သည် အချက်အလက်များကို လေ့လာပြီး၊ ပြဿနာများကိုဖြေရှင်းရန် ယုတ္တိဗေဒကို အသုံးပြုသည်။ သို့သော် ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို ထိုနည်းလမ်းအားဖြင့် ကောင်းစွာနားလည်နိုင်မည် မဟုတ်ပါ။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏အကူအညီမပါဘဲ သမ္မာကျမ်းစာကို နားလည်နိုင်ပါသလား။ ကောရိန္သုဩဝါဒစာ ပဌမစောင် ၂း၁၁၊ ၁၄။

ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏အကူအညီကို အဘယ်သို့ ရရှိနိုင်မည်နည်း။ ရှင်လုကာခရစ်ဝင် ၁၁း၁၃။ ထို့ကြောင့် ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို မလေ့လာခင် အမြဲတမ်း ဆုတောင်းသင့်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်တစ်ပါးတည်းသာလျှင် သမ္မာကျမ်းစာသည် မည်မျှအရေးကြီးနေကြောင်းသိမြင်ရန် ကူညီပေးနိုင်ပြီး၊ ကျမ်းချက်များကိုလွဲမှားစွာအသုံးပြုခြင်းမှ တားဆီးနိုင်သည်။ ဆာလံကျမ်း ၁၁၉း၁၈။



ဘုရားသခင်သည် သမ္မာကျမ်းစာကိုလေ့လာသူများအား ဤနည်းလမ်းဖြင့် အံ့ဩဖွယ်ကောင်းသောကတိတော်များကို ပေးထားခဲ့ပါသည်။ ရှင်ယောဟန်ခရစ်ဝင် ၁၄း၂၆၊ ရှင်မာကုခရစ်ဝင် ၁၃း၁၀၊ ၁၁။ သခင်ယေရှုသည် စုံစမ်းနှောင့်ယှက်ခြင်းကို အောင်မြင်ကျော်လွှားရန် သမ္မာကျမ်းစာကို အသုံးပြုခဲ့သည်။ ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်လုပ်မိရန် စုံစမ်းခံရသောအခါတွင် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အားလည်း သမ္မာကျမ်းချက်များကို သတိရတတ်ဖို့ရန် ကူညီပေးပါလိမ့်မည်။



သို့သော်ကျွန်ုပ်တို့ တစ်ကြိမ်တစ်ခါမှ မလေ့လာဖူးသောအရာ တစ်စုံတစ်ခုကို သတိရနေရန် သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့ကို ကူညီနိုင်ပါသလား။ အမှန် မကူညီနိုင်ပါ။ ထို့ကြောင့် စာတန်သည် ကျွန်ုပ်တို့ကို ဆုတောင်းခြင်း၊ ကျမ်းစာကိုနေ့စဉ်လေ့လာခြင်းအတွက် အချိန်အနည်းငယ်မျှပင် မပေးရန် သူအတတ်နိုင်ဆုံး နည်းမျိုးစုံကို လုပ်ဆောင်ပါသည်။

**လက်တွေ့ကျင့်သုံးရန်။** သမ္မာကျမ်းစာသည် စာတန်၏အတုများကို ကာကွယ်ရန်၊ လုံခြုံစိတ်ချရသောအကာအကွယ်တစ်ခု ဖြစ်သည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကိုသာ မိမိတို့၏လမ်းပြအဖြစ်ခံယူပါက ကျွန်ုပ်တို့သည် လှည့်စားခံရလိမ့်မည် မဟုတ်ပါ။ ကျမ်းချက်များကို ရှာဖွေခြင်းနှင့် ဤသင်ခန်းစာများမှ မှတ်သားစရာကျမ်းချက်များကို လေ့လာခြင်းသည် သမ္မာကျမ်းစာကိုလေ့လာရန် ကောင်းသောနည်းလမ်း ဖြစ်သည်။ ဆုတောင်းခြင်းနှင့် ဘုရားသခင် ၏နှုတ်ကပတ်တော်ကို နေ့စဉ်လေ့လာဖို့ အချိန်ယူရန် သင်ဆုံးဖြတ်မည်လား။

## အင်္ဂါနေ့ | နိုးထရန်ခေါ်ခြင်း ၃

စာတန်သည် ကျွန်ုပ်တို့အား သမ္မာကျမ်းစာလေ့လာခြင်းကို တားဆီးရန် အလွန်ကြိုးပမ်းသည့်အကြောင်းကို ကျွန်ုပ်တို့သည် မနေ့က လေ့လာခဲ့ပြီးဖြစ်ပါသည်။ သို့သော် ထိုအရာများသည် သူလုပ်ဆောင်သောအရာများအားလုံး မဟုတ်သေးချေ။ ကျွန်ုပ်တို့ သိသောအရာများသည် ကောင်းကောင်းလုံလုံလောက်လောက်ရှိသည်၊ မည်သည့်အရာမှ ထပ်မလိုအပ်တော့ဟု ယုံကြည်စေရန် သူက ကြိုးပမ်းသည်။ ၎င်းသည် ဘုရားသခင်၏ကျန်ကြွင်းသောအသင်းတော်အတွက် အထူးပြဿနာဖြစ်လိမ့်မည်ဟု သခင်ယေရှုက သတိပေးထားခဲ့သည်။ ဗျာဒိတ်ကျမ်း ၃း၁၄-၁၇။

ဤလူများသည် သူတို့က ချမ်းသာပြီး မည်သည့်အရာကိုမှ မလိုအပ်တော့ဟု စာတန်၏လိမ်ညာမှုကို ယုံကြည်ခဲ့ကြသည်။ သို့သော် ထိုသူတို့ကို သခင်ယေရှုက "ငြိုငြင်သောသူ၊ စိတ်ဆင်းရဲသောသူ၊ ဆင်းရဲသောသူ၊ ကန်းသောသူနှင့် အဝတ်အချည်းစည်းရှိသောသူများ" ဖြစ်သည်ဟု ပြောဆိုထားသည်။



ကျွန်ုပ်တို့သည် အဘယ်ကဲ့သို့သောသူမျိုးဖြစ်သည်ကို မသိရှိကြောင်း အဘယ်သို့ဖော်ပြနိုင်မည်နည်း။ "ငါသည် ဤမနက်တွင် ကျမ်းစာလေ့လာရန်နှင့် ဆုတောင်းဖို့ရန် အလွန်အိပ်ငိုက်နေပါသည်၊ နောက်နေ့မှပဲ လုပ်တော့မည်" ဟု အမြဲပြောဆိုခဲ့ဖူးပါသလား။ သို့မဟုတ် "ထိုအရာသည် သိပ်မကောင်းဘူး၊ အခြား 'ကောင်းသော' ခရစ်ယာန် များသည် ၎င်းကို လုပ်ဆောင်နေကြသည်" ဟု ပြောဆိုခဲ့ဖူးပါသလား။ ကျွန်ုပ်တို့သည် ဤကဲ့သို့အရာများကို ပြောဆိုနေလျှင်၊ ကျွန်ုပ်တို့သည် ကောင်းနေတုန်းဖြစ်သည်ဟု ထင်နေသည်ကို ပြသခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သဘောသဘာဝအားဖြင့်၊ "ငါက သူများနဲ့ မတူပေ၊ ငါလုပ်သောအရာသည် ငါ့ကို မနာကျင်မထိခိုက်နိုင်ပါဘူး" ဟု ထင်မြင်တတ်ကြသည်။

သို့သော် အမှန်တကယ်မှာဆန့်ကျင်ဘက်ပင်ဖြစ်ပါသည်။ ယေရမိအနာဂတ္တိကျမ်း ၁၇း၉။

ဤအရာသည် ကျွန်ုပ်တို့ နားလည်ရန် အရေးကြီးလှပါသည်၊ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် လောဒကိအသင်းတော် (Laodicean) ဖြစ်ကြသောကြောင့်ဖြစ်သည်။ စာတန်သည် ကျွန်ုပ်တို့ကို မည်သည့်အရာမှမလိုတော့ဟု စဉ်းစားထင်မြင်စေချင်သည်။ ဥပုသ်နေ့၌ဘုရားရှိခိုးကျောင်းသွားခြင်း၊ အလှူငွေများနှင့် ဆယ်ဖို့တစ်ဖို့ပေးလှူခြင်း၊ နှစ်ခြင်းခံယူခြင်းနှင့် သမ္မာကျမ်းစာအမှန်တရားကို ယုံကြည်ခြင်းတို့သည် ကျွန်ုပ်တို့လိုအပ်သောအရာအားလုံးဖြစ်သည်ဟု ယုံကြည်ရန် သူအလိုရှိသည်။ သို့သော် ဤသို့ ဟုတ်ပါသလား။ ရှင်ယာကုပ်ဩဝါဒစာ ၂း၁၉။

သခင်ယေရှုသည် မိမိအသင်းတော်ကို အလွန်ချစ်သည်။ ကျွန်ုပ်တို့၏ပြဿနာကို ပြောပြသလို၊ အခြားမည်သည့်အရာကို သူလုပ်ဆောင်သနည်း။ ဗျာဒိတ်ကျမ်း ၃း၁၈။ ဤအရာများတစ်ခုစီသည် အရေးကြီးသောအရာများကို ကိုယ်စားပြုကြောင်း ကျွန်ုပ်တို့သိရန် သူ အလိုရှိသည်။ ရွှေသည် အဘယ်အရာကို ကိုယ်စားပြုပုံဆောင်ထားသနည်း။ ရှင်ပေတရုဩဝါဒစာ ပဌမစောင် ၁း၇။ ကျွန်ုပ်တို့သည် ရွှေကဲ့သို့ ယုံကြည်ခြင်းကို အဘယ်သို့ ရရှိနိုင်မည်နည်း။ ရောမဩဝါဒစာ ၁၀:၁၇။ ဝတ်လုံဖြူများသည် အဘယ်အရာကို ကိုယ်စားပြုပုံဆောင်ထားသနည်း။ ဗျာဒိတ်ကျမ်း ၁၉း၈။ ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်းဝတ်လုံဖြူကို အဘယ်သို့ ရရှိသနည်း။ ဗျာဒိတ်ကျမ်း ၇း၁၄။ မျက်စိသည် အဘယ်အရာကို ကိုယ်စားပြုပုံဆောင်သနည်း။ ဧဖက်ဩဝါဒစာ ၁း၁၈။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နားလည်စေရန် အထောက်အကူပြုသော မျက်စိကို မည်သို့ရရှိနိုင်သနည်း။ ဟေရှာယအနာဂတ္တိကျမ်း ၁၁း၂။



**လက်တွေ့ကျင့်သုံးရန်။** ဗျာဒိတ်ကျမ်း ၃း၁၉-၂၂ ကို ဖတ်ပါ။ ယေရှုသည် သင်နှင့်အတူ ရှိချင်သည်။ သင်သည် နေ့စဉ်ကျမ်းစာလေ့လာခြင်းနှင့် ဆုတောင်းခြင်း၌ သူ၏အသံကို နားထောင်ရန် ရွေးချယ်နေပါသလား။ ဤအရာကို လုပ်ဆောင်ပါက သူသည် စုံစမ်းခြင်းတိုင်းကို အောင်မြင်ကျော်လွှန်ဖို့ရန် သင့်ကို ကူညီပါလိမ့်မည်။

## ဗုဒ္ဓဟူးနေ့ | စစ်မှန်သော နိုးကြားခြင်းများနှင့် မှားယွင်းသော နိုးကြားခြင်းများ ၄

သင်သည် နိုးကြားခြင်းတရားဟောအစည်းအဝေးတစ်ခုသို့ တက်ရောက်ခဲ့ဖူးပါသလား။ စစ်မှန်သောနိုးကြားခြင်းအစည်းအဝေးများသည် သခင်ယေရှုကို ပိုသိချင်သောစိတ်ဆန္ဒဖြင့် စိတ်အားထက်သန်သောဆုတောင်းခြင်းနှင့် ကျမ်းစာလေ့လာခြင်း အချိန်တစ်ခု ဖြစ်ပြီး၊ ကိုယ်တော်နဲ့ သာ၍နီးကပ်စေသည်။

စာတန်သည် စစ်မှန်သောနိုးကြားခြင်းများကို နှစ်သက်ပါသလား။ မနှစ်သက်ပါ။ သူသည် လောဒိကိအသင်းတော်အား မနိုးထစေချင်ပေ။ ထို့ကြောင့် လူမြောက်များစွာကို ဆွဲဆောင်နိုင်သည့် အတုအယောင်နိုးကြားခြင်းများကို နိုးကြားစေသည်။

လူအုပ်ကြီးများသည် နာမည်ထင်ရှားကျော်ကြားသော ဓမ္မဆရာများနောက်သို့ လိုက်ကြသည်။ အချို့တို့သည် အနာရောဂါများကို ကုသပေးသည်ဟု ပြောဆိုခဲ့ကြသည်။ အခြားသောသူတို့သည် အဘယ်သူမျှ နားမလည်နိုင်သောဘာသာစကားအားဖြင့် စကားပြောခြင်း၊ ကခုန်ခြင်း၊ လက်ခုပ်ဩဘာတီးခြင်း၊ အော်ဟစ်ခြင်းဖြင့် တရားလာနားထောင်သောလူအုပ်များ၏စိတ်ဝင်စားမှုကို ရရှိကြသည်။ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောသူများဖြစ်သည်ဟု အမှန် ယုံကြည်ကြသည်။

အခြားသောဓမ္မဆရာတို့က အပြစ်သားများသည် ငရဲ၌ထာဝရမီးလောင်ကျွမ်းခြင်းခံရမည်ဟု သွန်သင်ကြသည်။ ထို့ကြောင့် ကြောက်လန့်သောလူများတို့သည် မိမိတို့၏အပြစ်များကို ဝန်ချကြသည်။ ပြီးနောက်၊ သူတို့သည် အပြစ်ကို ဆက်လက်လုပ်ဆောင်နေသည့်တိုင် ထာဝရကယ်တင်ခြင်းသို့ရောက်ပြီဟု ဓမ္မဆရာပြောထားချက်ကို ယုံကြည်ကြလေသည်။



သို့သော် ဤအရာများသည် စစ်မှန်သော၊ မှန်ကန်သောနိုးကြားခြင်းများလား။ သန့်ရှင်းသော ဝိညာဉ်တော်လုပ်ဆောင်ချက်၏ စစ်မှန်သောရလဒ်များမှာ အဘယ်နည်း။ စစ်မှန် သော နိုးကြားခြင်းနှင့် အတုအယောင်နိုးကြားခြင်း နှစ်ခုကြား ကွာခြားချက်ကို ကျွန်ုပ်တို့ အဘယ်သို့ သိနိုင်သနည်း။

မှားယွင်းသောနိုးကြားခြင်းများသည် အမြဲတမ်း အခြားနည်းလမ်း သို့မဟုတ် နောက်ထပ်နည်းလမ်းများဖြင့် အပြစ်ကို ဆင်ခြေဆင်လက်ပေးခဲ့ကြသည်၊ လွတ်ငြိမ်းခွင့် ပေးသည်။ သို့သော် စစ်မှန်သောနိုးကြားခြင်းများသည် အမြဲတမ်း သခင်ယေရှုအပေါ်၊ ကျွန်ုပ်တို့အတွက် သူ၏အသေခံခြင်းအပေါ်နှင့် ကောင်းကင်တဲတော်၌ သူ၏အမှုလုပ်ဆောင်ခြင်းအပေါ်သို့သာ အာရုံပြုသည်။ ဤအရာသည် အပြစ်အတွက် နက်နဲသောပြောင်းလဲခြင်း၊ သခင်ယေရှု၏ဖြောင့်မတ်ခြင်းကို ရှင်းလင်းစွာနားလည်ခြင်းနှင့် တရားစီရင်ခြင်းအတွက် စိတ်အားထက်သန်သော ပြင်ဆင်ခြင်းတို့ကို အမြဲတမ်းဦးတည်လမ်းညွှန်စေပါသည်။ ရှင်ယောဟန်ခရစ်ဝင် ၁၆း၈-၁၁။

မှားယွင်းသောနိုးကြားခြင်းများသည် ပြောင်းလဲ၍မရသော ပညတ်တော်ဆယ်ပါးသည် လက်ဝါးကားတိုင်တွင် ရိုက်ထားခြင်းခံရပြီးပြီဟု သွန်သင်သည်။ သို့သော် ထူးခြားသည်မှာ သူတို့သည် အားလုံးကို စောင့်ထိန်းသင့်သည်ဟုလည်း လူများကို ပြောကြသည်၊ သို့သော် ထို စတုတ္ထမြောက်ပညတ် မပါဝင်ပေ။ စစ်မှန်သောနိုးကြားခြင်းများသည် ဘုရားသခင်၏ပညတ်တော်တစ်ခုလုံးကို အမြဲတမ်း တည်ကြသည်။ ဟေရှာယအနာဂတ္တိကျမ်း ၄၂း၂၁၊ ရောမဩဝါဒစာ ၇း၁၂၊ ဆာလံကျမ်း ၁၁၉း ၉-၁၁၊ ၇၂၊ ၇၇၊ ၉၇။

မှားယွင်းသောနိုးကြားခြင်းများသည် ခဏတာအံ့ဩမှုကိုသာ ဖန်တီးသည်။ သို့သော် စစ်မှန်သောနိုးကြားများသည် အမြဲတမ်း အသက်တာ၌ မှန်ကန်သောပြောင်းလဲမှုကို ဖြစ်ပေါ်စေသည်။ တစ်ကိုယ်ကောင်းဆန်သောလူများသည် တစ်ကိုယ်ကောင်းမဆန်သောသူများ ဖြစ်လာသည်။ မာနထောင်လွှားသောသူသည် နှိမ့်ချတတ်သောသူဖြစ်လာသည်။ မောက်မာသောသူသည် ယဉ်ကျေးသောသူနှင့် ငြိမ်သက်သောသူဖြစ်လာသည်။ လူများတို့သည် ရိုသေကိုင်းရှိုင်းသောသူများနှင့် စင်ကြယ်သောသူများ ဖြစ်လာသည်။ သူတို့သည် မိမိတို့၏ အပြစ်များကို နောင်တရရုံသာမက အတိတ်တွင် လုပ်မိခဲ့သောအမှားများကိုလည်း အမှန်သို့အကောင်းဆုံး လုပ်ဆောင်ကြလေသည်။ ကောရိန္သုဩဝါဒစာ ဒုတိယစောင် ၅း၁၇၊ ယေဇကျေလအနာဂတ္တိကျမ်း ၃၃း၁၄-၁၆၊ ကောရိန္သုဩဝါဒစာ ဒုတိယစောင် ၇း၁၀၊ ၁၁။

**လက်တွေ့ကျင့်သုံးရန်။** စစ်မှန်သောနိုးကြားခြင်းအတွင်းတွင် လူများသည် သူတို့၏ဝိညာဉ်ရေးရာအခြေအနေများကို နိုးထလာသည်၊ ထိုအရာသည် လောဒိကိအသင်းတော် လိုအပ်သောအရာသာ ဖြစ်သည်။ သင်သည် သင့်သမ္မာကျမ်းစာကို စိတ်အားကြီးစွာလေ့လာနေပြီး စစ်မှန်သောနိုးကြားခြင်းအတွက် ဆုတောင်းနေပါသလား။

## ကြာသပတေးနေ့ | စာတန်၏ထောင်ချောက်များ (၁) ၅



စာတန်သည် စစ်မှန်သောနိုးကြားခြင်းများကို မုန်းတီးပြီး လူတို့အား မတွေ့ကြုံဖို့ရန် သူတတ်နိုင်သည့်နည်းလမ်းမျိုးစုံဖြင့် တားဆီးနေသည့်အကြောင်းကို ကျွန်ုပ်တို့ သိရှိရပါသည်။ ကျွန်ုပ်တို့အား လှည့်ဖြားရန်နှင့် ဒုက္ခပေးရန် စာတန်၏အစီအစဉ်များ အကြောင်းနှင့်ပတ်သတ်၍ အလုံးစုံကို ကျွန်ုပ်တို့ မသိသော်လည်း သမ္မာကျမ်းစာသည် ထိုအရာတစ်ခုစီကို ကျွန်ုပ်တို့အား ဖော်ပြပေးလိမ့်မည်။ ဆာလံကျမ်း ၁၁၉း၁၀၄၊ ၁၀၅၊ ၁၃၀။

စာတန်၏အကောင်းဆုံးလှည့်စားခြင်းများမှ တစ်မျိုးမှာ လူတို့အား သူတို့၏စိတ်ရင်းမှန်သမျှ သူတို့၏ယုံကြည်သောအရာများသည် အရေးမကြီးဟု ယုံကြည်စေရန်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့ ယုံကြည်သောအရာများသည် အရေးကြီးလှပါသည်။ ရောမဩဝါဒ စာ ၆း၂၁၊ ၂၂။ ယေရှုက သူတစ်ပါးတည်းသာလျှင် ထာဝရအသက်ရဖို့ရန် လမ်းဖြစ်သည်ဟု ပြောဆိုထားသည်။ ရှင်ယောဟန်ခရစ်ဝင် ၁၄း၆၊ ရှင်မဿဲခရစ်ဝင် ၇း၁၃၊ ၁၄။

စာတန်၏အလွန်အောင်မြင်သော လှည့်စားခြင်းများမှတစ်မျိုးမှာ သူ့အား အမှန်တကယ်မရှိဟု လူများထင်မြင်စေရန်လုပ်ဆောင်ခြင်းဖြစ်သည်။ သန်းပေါင်းများစွာသောသူတို့သည် စာတန်ကို ကြောက်ရွံ့ကြသောကြောင့် သိသိလျက်နဲ့ ကိုးကွယ်ကြသည်။